# ထွက်ပြေးမှုဝါဒ

အင်္ကျီနဲ့ဖိနပ်
နောက်ထပ်လိုလိမ့်မယ်။

မျက်မှန်အမဲလိုလိမ့်မယ်
ထီးလိုလိမ့်မယ်။

အချစ်လိုလိမ့်မယ်
သကြားလိုလိမ့်မယ်
ကြက်ဥလိုလိမ့်မယ်
ပေါင်မုန့်လိုလိမ့်မယ်
ရေလိုလိမ့်မယ်။

လှုပ်ကုလားထိုင်လိုလိမ့်မယ်
စိတ်ဆာဖို့လိုလိမ့်မယ်။

တစ်ဖန်အချစ်လိုလိမ့်မယ်
ဖြစ်ချင်တိုင်းဖြစ် ပျက်ချင်တိုင်းပျက်။ အဲသလို
ပြည့်စုံတဲ့လောကကြီးလိုလိမ့်မယ်။

အချစ်များများလိုလိမ့်မယ်
အဲဒါ၊ ငါလိုတာမဟုတ်ဘူး
အဲဒါ၊ 'ပီတာဆို' လိုတာ။ ။